# တိုင်တည်ကြေကွဲ ....

အဖိုးကိုယ်တော်မှိုင်း
ရှိုင်းစိုင်းတဲ့အာဏာရှင်
အဖိုးမြင်တွေ့သွားမယ်ဆိုရင်ဖြင့်
နာကြင်ကြေကွဲ နှလုံးသားနဲ့
ဘာကိုများ မြွက်ကြားမလဲ အဖိုး။

အဖ သခင်အောင်ဆန်း
ကြမ်းတမ်းတဲ့ရာဇဝင်သစ်
အဖမြင်တွေ့ရမယ်ဆိုရင်ဖြင့်
ကြွေအက်ခံစား နှလုံးသားနဲ့
ဘာကိုများ မိန့်ကြားမလဲ အဖ။

ခြောက်ဆယ့်နှစ်ရဲ့ ဂျူလိုင်(၇)မှာ
အာဏာရှင်ရဲ့အစ ခြေလှမ်းအား
ပြတ်သားစွာဆန့်ကျင်ခဲ့သော်ငြား
လက်နက်အားကိုး လို့ဖြိုခွင်း
သမဂ္ဂအဆောက်အဦးကို
မီးလောင်တိုက်သွင်းခဲ့ပေါ့။

အာဏာရှင်ရဲ့ဖိနှိပ်မှုအောက်
၂၆–နှစ်ကြာ ကျရောက်ခဲ့ပေမဲ့
ရှင်သန်နိုးကြား နှလုံးသားတို့နဲ့
၈၈–ရဲ့နေ့ရက်များ အရောက်
သွေးခင်းလမ်းပေါ်မှာ လျှောက်ခဲ့ကြပေါ့။

ဒီမိုကရေစီ လိုလားဟစ်ကြွေး
ပြည်သူကျောင်းသားတို့သွေးနဲ့
ခြေဆေးလို့တက်လှမ်း
ဖက်စစ်အာဏာရှင် လက်သစ်ရဲ့
ခရီးလမ်းမှာ
အဖရဲ့နှလုံးသား အား
ဒီပဲယင်းမှာ ခြေမွဖို့ ကြိုးစားခဲ့ကြပေါ့။

ရှိုင်းစိုင်းလွန်းတဲ့ ဖက်ဆစ်အာဏာရှင်
သွေးစွန်းကြမ်းတမ်းတဲ့ ခေတ်သစ်
ဗမာ့ရာဇဝင်ကို
အဖိုးနဲ့ အဖ
မြင်တွေ့ရမယ်ဆိုရင်ဖြင့်—။

(မိုးကျော်)